# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
# ပေကျင်းမြို့

**ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေးအတွက် မဲရုံဖွင့်လှစ်မည့် နေ့ရက်၊ အချိန်နှင့် နေရာများအား အသိပေးကြေညာခြင်း**

၁။ ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသို့ ရောက်ရှိနေသည့် သက်တမ်းရှိသော တရားဝင် မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ မြန်မာနိုင်ငံသားများသည် မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် (တနင်္ဂနွေနေ့) ၌ ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်နိုင်ပြီး မိမိဆန္ဒအလျောက် ကြိုတင်ဆန္ဒမဲများ ပေးအပ်နိုင်ရေးအတွက် တရုတ်နိုင်ငံ၊ ပေကျင်းမြို့၊ မြန်မာသံရုံးတွင် အောက်ဖော်ပြပါ နေ့ရက်၊ အချိန်နှင့် နေရာအတိုင်း မဲရုံဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | မဲရုံဖွင့်လှစ်မည့်နေ့ရက် | - | ၄-၁၂-၂၀၂၅ ရက် (ကြာသပတေးနေ့) မှ<br>၆-၁၂-၂၀၂၅ ရက် (စနေနေ့) အထိ |
| (ခ) | မဲရုံဖွင့်လှစ်မည့်အချိန် | - | နံနက် ၀၉:၃၀ နာရီမှ ၁၇:၃၀ နာရီအထိ<br>၆-၁၂-၂၀၂၅ ရက်၊ ၀၉:၃၀ နာရီမှ ၁၂:၀၀ နာရီအထိ |
| (ဂ) | မဲရုံဖွင့်လှစ်မည့်နေရာ | - | မြန်မာသံရုံး၊ ပေကျင်းမြို့<br>No. 6, Dong Zhi Men Wai Street,<br>Chaoyang District, Beijing 100600 |

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြိုတင်ဆန္ဒမဲလက်မှတ်များ ရောက်ရှိချိန်တွင် ပုံစံ (၁၅) ပေးပို့ထားသည့် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်စာရင်းကို အချိန်မီ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် မဲပေးရန် လာရောက်ကြရာတွင် သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် (မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း (သို့မဟုတ်) မိတ္တူတို့ကို မဖြစ်မနေ ယူဆောင်လာကြပါရန်ဖြစ်ပါကြောင်းလည်း အသိပေးဖော်ပြအပ်ပါသည်။

**မြန်မာသံရုံး၊ ပေကျင်းမြို့**
**ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်**

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING